Maahanmuuttovirasto
Migrationsverket
Finnish Immigration Service

Euroopan unionin osarahoittama

# ခိုလှုံခွင့်အတွက်မေးမြန်းပြောဆိုခြင်း

**မိမိအား လူဝင်မှုကြီးကြပ်ရေးဌာန၏ မေးမြန်းပြောဆိုခြင်းတစ်ခုအတွက် ဖိတ်ကြားထားပါသည်။ မေးမြန်းပြောဆိုချိန်အတွင်း မိမိ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ရှင်းပြထားသော ညွှန်းတမ်းစာစောင်များကို ဂရုတစိုက်ဖတ်ရှုပါ။ အကယ်၍ မိမိ၌ ဤညွှန်ကြားချက်များနှင့်ပတ်သက်၍ မေးခွန်းများရှိပါက၊ မေးမြန်းပြောဆိုခြင်း၏ အစပိုင်း၌ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းအား မိမိ၌ရှိသော မေးခွန်းများကို မေးမြန်းနိုင်ပါသည်။**

## ခိုလှုံခွင့်မေးမြန်းပြောဆိုခြင်းဆိုသည်မှာ မည်သည့်အရာကိုဆိုပါသနည်း။



- ခိုလှုံခွင့်အတွက်မေးမြန်းပြောဆိုခြင်းဆိုသည်မှာ၊ လူဝင်မှုကြီးကြပ်ရေးဌာနရှိ ဝန်ထမ်းတစ်ဦးနှင့် တရားဝင်တွေ့ဆုံမှုတစ်ခုဖြစ်ပြီး၊ အဘယ့်ကြောင့်ဖင်လန်နိုင်ငံတွင် နိုင်ငံတကာကာကွယ်မှုပေးရန်အတွက် လျှောက်ထားရပါသနည်း၊ ဤဖြစ်ရပ်အကြောင်းရင်းများ နှင့် သင့်နေရပ်နိုင်ငံသို့ အဘယ့်ကြောင့် ပြန်သွားလို့မရတော့ခြင်း အကြောင်းစုံများကို အသေးစိတ်ရှင်းပြပေးရမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုချိန်၌၊ နိုင်ငံတကာကာကွယ်မှုအတွက် မိမိ၏လျှောက်လွှာ အကြောင်းအရာများကို ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ပါသည်။ အကယ်၍ မိမိ၌ ဖင်လန်နိုင်ငံတွင် မိသားစုဝင်များရှိနေပါက၊ မိသားစုဝင် အနေနှင့် မိသားစုကိုအခြေခံပြီး၊ နေထိုင်ခွင့်လျှောက်တင်၍ရနိုင်ပါသည်။ ၎င်းကို မိမိသည် သီးခြား၊ အခကြေးငွေပေးပြီး၊ နေထိုင်ခွင့်လျှောက်လွှာကို တင်သွင်းရပါမည်။

## မေးမြန်းပြောဆိုခြင်းကို မည်သည့်နေရာ၊ မည်သည့်အချိန်နှင့် မည်ကဲ့သို့စီစဉ်ပေးမည်နည်း။

- သင်သည် ဤညွှန်ကြားချက်များနဲ့အတူ မေးမြန်းပြောဆိုချိန်အတွက် ဖိတ်စာကို ရရှိထားသူဖြစ်ပါသည်။ ဤ မေးမြန်းပြောဆိုခြင်းကို မည်သည့်နေရာ၊ မည်သည့်အချိန်နှင့် မည်ကဲ့သို့စီစဉ်မည်ကို ပြောပြထားပါသည်။
- မေးမြန်းပြောဆိုခြင်းကို အသံဖမ်းထားမည်ဖြစ်ပြီး၊ မိမိအလိုရှိပါက ဤအသံဖမ်းထားသောမှတ်တမ်းများ ကို မိမိအတွက် တောင်းယူနိုင်ပါသည်။ မရှင်းလင်းသောအချက်အလက်များကို ဖြေ ရှင်းစေလို သော ကြောင့် ဤကဲ့သို့ မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး၊ လူဝင်မှုကြီးကြပ်ရေးဌာနသည်လည်း အပြင်သို့ မျှဝေမည်မဟုတ်ပါ။
- မေးမြန်းပြောဆိုခန်း၌ ရုပ်ပုံကို မှတ်တမ်းတင်ထားသော စောင့်ကြည့်ကင်မရာတစ်ခု ရှိနိုင်ပါသည်။
- မေးမြန်းပြောဆိုမှုများကို မှတ်တမ်းစာစောင်တစ်ခုအဖြစ် ပြုလုပ်သွားမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုချိန်၌ မိမိပြောခဲ့သောအရာအားလုံးကို လျှို့ဝှက်ထားမည်ဖြစ်ပါသည်။ ဤကိစ္စရပ်များကိုကိုင်တွယ်ရာ၌ မရှိမဖြစ်လိုအပ်နေပြီး၊ ဥပဒေရေးရာအရ သတ်မှတ်ထားသည့် အချက်အလက်များကို ရယူပိုင်ခွင့်ရှိနေသော၊ အာဏာပိုင်များမှလွဲ၍၊ မိမိပြောပြထားသောအရာများကို အပြင်သို့ ထုတ်ဖော်ပြောဆိုခြင်းများရှိမည်မဟုတ်ပါ။
- ဖိတ်စာတွင် မိမိ၏ မေးမြန်းပြောဆိုခြင်း ကို ဗီဒီယိုလင့်ခ်မှတစ်ဆင့် ပြုလုပ်မည် ဟုတ်မဟုတ် ကို အသိပေးထားပါမည်။ ဗီဒီယိုလင့်ခ်မှတစ်ဆင့် ပြုလုပ်မည့် အစည်းအဝေး၏ အကြောင်းအရာများကို လူဝင်မှုကြီးကြပ်ရေးဌာန၏ ဝက်ဘ်ဆိုက်တွင် ပိုမိုဖတ်ရှုနိုင်ပါသည်။ **migri.fi/turvapaikanhakijan-asiointi**.
- ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိ၏ မေးမြန်းပြောဆိုခြင်း ကို ရွှေ့ဆိုင်း၍မရပါ။ သင်၏ မေးမြန်းပြောဆိုသော နေ့တွင် သင်သည်ဖျားနာနေပါက၊ လူဝင်မှုကြီးကြပ်ရေးဌာနသို့ ချက်ချင်းအကြောင်းကြားပေးပါ။ လိုအပ်ပါက ဆေးကြိုဌာနမှ ဤကိစ္စနှင့်ပတ်သက်၍

အကူအညီရယူနိုင်ပါသည်။ မိမိသည် ခိုင်လုံသောအကြောင်းပြချက်ကို ပေးရပါမည် သို့မဟုတ် ဆေးကြီဌာနစင်တာရှိ သူနာပြုထံမှ သို့မဟုတ် ဆရာဝန်ထံမှ မိမိ၏ဖျားနာခြင်းနှင့် ပတ်သက်နေသည့် အစီရင်ခံစာကို အမြန်ဆုံး သို့မဟုတ် မေးမြန်းပြောဆိုမည့်ရက်၊ တစ်ပတ်အတွင်း လူဝင်မှုကြီးကြပ်ရေးဌာနသို့ တင်ပြရပါမည်။ အကယ်၍၊ ခိုင်လုံသောအကြောင်းပြချက်များမရှိဘဲ၊ မိမိ၏ မေးမြန်းပြောဆိုချိန်ကို လွတ်သွားပါက၊ မိမိ၏လျှောက်လွှာကို သွယ်ဝိုက်သောနည်းဖြင့် ရုပ်သိမ်းသည်ဟု ယူဆပြီး ဤကိစ္စအတွက် ကိုင်တွယ်ဖြေရှင်းမှုကို ရုပ်သိမ်းလိုက်မည်ဖြစ်ပါသည်။

## စစ်ဆေးမေးမြန်းသည့်နေ့၌ မည်သူများ ပါဝင်တက်ရောက်မည်နည်း။

မေးမြန်းပြောဆိုခြင်း သို့ ဖိတ်စာလက်ခံရရှိသူများနှင့် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ကြိုတင်သဘောတူထားသော အခြားသူများသာလျှင် ဤ မေးမြန်းပြောဆိုခြင်း သို့ တက်ရောက်ခွင့်ရှိပါသည်။ မေးမြန်းပြောဆိုသောအချိန်၌ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းတစ်ဦး၊ ဆိုလိုသည်မှာ မေးမြန်းပြောဆိုသူ၊ အခြေအနေပေါ်မူတည်ပြီး စကားပြန်၊ မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်၊ ကိုယ်စားလှယ်၊ ဝင်ငွေအုပ်ထိန်းပေးသူ၊ သို့မဟုတ် ပံ့ပိုးကူညီပေးသူ၊ အကယ်၍ မိမိသည် ပံ့ပိုးကူညီပေးသူတစ်ဦး တက်ရောက်ရန်အတွက် တောင်းဆိုထားပြီး၊ လူဝင်မှုကြီးကြပ်ရေးဌာနသည်လည်း မေးမြန်းပြောဆိုခြင်း၌ ပါဝင်ခွင့်ပြုချက်ရရှိထားပါက၊ ဤစစ်ဆေးမေးမြန်းခြင်းကို ပံ့ပိုးကူညီပေးသူသည် တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ပိုမိုဖတ်ရှုပါရန်။ လူဝင်မှုကြီးကြပ်ရေးဌာန ဝက်ဘ်ဆိုက်တွင် ပါဝင်သူများ၏ အခန်းကဏ္ဍတွင် ဤအကြောင်း **migri.fi/turvapaikanhakijan-asiointi**.

## မေးမြန်းပြောဆိုချိန်၌ မိမိ၌ မည်ကဲ့သို့သောအခွင့်အရေးများ ရှိနိုင်မည်နည်း။

- မေးမြန်းပြောဆိုချိန်၌ မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်တစ်ဦးကို အသုံးပြုရန် အခွင့်အရေးရနိုင်ပါသည်။ ဤလက်ထောက်သည်လည်း ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်သာလျှင် မေးမြန်းပြောဆိုချိန်တွင် ပါဝင်မည်ဖြစ်ပါသည်။
- အကယ်၍၊ သင်သည် အသက်ပြည့်ပြီးသူ၊ ခိုလှုံခွင့်တောင်းခံသူဖြစ်ပါက၊ မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်တစ်ဦးကို သင်ကိုယ်တိုင် ငှားရမည်ဖြစ်ပါသည်။ အကယ်၍၊ မေးမြန်းပြောဆိုခြင်း အတွက် မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်ဖြစ်သူတစ်ဦးကို သင်သည်

ကိုယ်တိုင် စီစဉ်ပေးခြင်းမရှိခဲ့ပါက၊ ကျွန်ုပ်တို့ သည် ရှေ့နေဥပဒေအကြံပေးလက်ထောက်မပါဘဲ ဤ မေးမြန်းပြောဆိုခြင်း ကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

- အကယ်၍၊ သင်သည် အုပ်ထိန်းသူ မပါလာသော အသက်မပြည့်သေးသူဖြစ်ပါက၊ မေးမြန်းပြောဆိုချိန်တွင် သင့်ကိုယ်စားလှယ်သည် သင်နှင့် အတူအမြဲရှိနေမည်ဖြစ်ပါသည်။ လိုအပ်ပါက မိမိ၏ကိုယ်စားလှယ်သည် မေးမြန်းပြောဆိုခြင်း အတွက် ရှေ့နေဥပဒေအကြံပေးလက်ထောက်တစ်ဦးကို စီစဉ်ပေးမည်ဖြစ်ပါသည်။ သင့်တွင် ကိုယ်စားလှယ်မရှိပါက ဖင်လန်နိုင်ငံရှိ မိမိ၏အုပ်ထိန်းသူသည် မေးမြန်းပြောဆိုသည့်အခါတွင် လိုက်လာမည်ဖြစ်သည်။
- မေးမြန်းပြောဆိုသည့်အခါ၌ ဘာသာပြန်တစ်ဦးပါဝင်မည်ဖြစ်ပါသည်။ ဘာသာပြန်ဆိုသော်လည်း၊ သူ၏အလုပ်သည်၊ မေးမြန်းပြောဆိုသောအခါ၌ ပြောဆိုသမျှအလုံးစုံတို့ကို ဘက်မလိုက်ဘဲ ဘာသာပြန်ပေးရန်တာဝန်ရှိပါသည်။ ဘာသာပြန်သူသည် ကိုယ်တိုင်လာရောက်ခြင်း သို့မဟုတ် ဖုန်း သို့မဟုတ် ဗီဒီယိုမှတဆင့် ဘာသာပြန်ဆိုပေးနိုင်ပါသည်။
- အကယ်၍ မိမိ၌ ခိုင်လုံသောအကြောင်းပြချက်၊ မျှော်လင့်ချက်များရှိပါက၊ ဘာသာပြန် သို့မဟုတ် မေးမြန်းပြောဆိုသူအား အမျိုးသမီး သို့မဟုတ် အမျိုးသား တောင်းရှောက်ချင်ခဲ့သော်၊ လူဝင်မှုကြီးကြပ်ရေးဌာနသို့ မေးမြန်းပြောဆိုခြင်းမတိုင်မီ ကြိုတင်၍အသိပေးပါ။ လိုအပ်ပါက ညှိကြိုဌာနစင်တာရှိ ဝန်ထမ်း တစ်ဦးတစ်ယောက် အား အကူအညီတောင်းနိုင်ပါသည်။ ညှိကြိုဌာနစင်တာသည် မိမိ၏ တောင်းဆိုချက်များကို လူဝင်မှုကြီးကြပ်ရေးဌာနသို့ တင်ပို့ပေးမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် ဤအကြောင်းပြချက်သည်၊ ခိုင်လုံမှုရှိမရှိကို အကဲဖြတ်မည်ဖြစ်ပါသည်။ အကယ်၍ မိမိသည် ထိန်းသိမ်းရေးစခန်း သို့မဟုတ် အခြားအဆောင်တစ်ခုခုတွင် နေနေရသောသူတစ်ဦးဖြစ်ပါက၊ မိမိ တည်းခိုရာနေရာရှိ ဝန်ထမ်းတစ်ဦးတစ်ယောက်ကို တောင်းဆိုပေးပါ။ မိမိသည် အုပ်ထိန်းသူမပါလာသော အသက်မပြည့်သေးသူဖြစ်ပါက၊ မိမိ၏ ကိုယ်စားလှယ်ထံသို့ အကူအညီတောင်းပါ။

- မေးမြန်းပြောဆိုသူ နှင့် မေးမြန်းပြောဆိုချိန်၌ ဤနေရာသို့ ရောက်ရှိနေကြသော၊ အခြားသူများ၌လည်း လျှို့ဝှက်ရမည့်တာဝန်များ ရှိနေကြပါသည်၊ ဆိုလိုသည်မှာ၊ ၎င်းတို့ မေးမြန်းပြောဆိုချိန်၌ ကြားသိခဲ့ရသည့် အကြောင်းအရာများကို အပြင်၌ မည်သူ့ကိုမျှ ပြောပြပိုင်ခွင့်ရှိမည်မဟုတ်ပါ။ သို့သော်ငြားလည်း ကိစ္စရပ်များ၊ မေးမြန်းပြောဆိုချိန်တွင် မိမိပြောပြသောအရာများသည်၊ မိမိ၏ မိသားစုဝင်များ၏ လျှောက်လွှာကို စီမံဆောင်ရွက်ခြင်းအပေါ်၌လည်း ပါဝင်ပတ်သက်မှုများလည်းရှိနိုင်ပါသည်။ ထိုကဲ့သို့သောကိစ္စရပ်များတွင်၊ မိမိ၏

မိသားစုဝင်၏ကိစ္စရပ်များအတွက် ကျွန်ုပ်တို့သည် ဤအရာများကို ထည့်သွင်းစဉ်းစားပေးပါမည်။ သို့သော်ငြားလည်း၊ မိမိသည် မိမိပြောပြထားသောအရာများကို၊ ဤသို့ ထုပ်ဖော်ပြောပြပေးခြင်းအားဖြင့်၊ မိမိအတွက် သို့မဟုတ် မိမိ၏ မိသားစုဝင်များအတွက် အန္တရာယ်ဖြစ်စေပါက၊ မိမိ၏ မိသားစုဝင်ထံသို့ မိမိပြောပြသောအရာများကို ကျွန်ုပ်တို့သည် ဖုံးဝှက်ထားပေးလို့လည်း ရပါသည်။ မေးမြန်းပြောဆိုချိန်၌ ဤကိစ္စနှင့်ပတ်သက်၍ မိမိ၏ အမြင်ကို မိမိသည် ဖော်ပြပေးနိုင်ပါသည်။

- မိမိနှင့်သက်ဆိုင်နေသော စာရွက်စာတမ်းများသည် အခြေခံအားဖြင့် ၎င်းတို့သည် လျှို့ဝှက်ထားရမည့်အရာများဖြစ်ကြပါသည်။
- အကယ်၍၊ သင်သည် အုပ်ထိန်းသူမပါလာသောသူ၊ အသက်မပြည့်သေးသူဖြစ်ပါက၊ လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိ၏ မိဘများ သို့မဟုတ် အခြား သင့်အားအမှန်တကယ့်အုပ်ထိန်းပေးသူ ကို ရှာဖွေခြင်း သို့မဟုတ် ခြေရာခံခြင်းများပြုလုပ်နိုင်ပါသည်။ အမှန်တကယ့်အုပ်ထိန်းပေးသူ ဆိုသည်မှာ သင့်အမိနိုင်ငံတွင် မိမိအား ပြုစုစောင့်ရှောက်ပေးခဲ့သူကို ဆိုလိုခြင်းဖြစ်ပါသည်။ ခြေရာခံရန်အတွက်သာလျှင်၊ ဤလိုအပ်နသော အချက်အလက်များကို အသုံးပြုမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိအတွက် သို့မဟုတ် မိမိနှင့်နီးစပ်သူများအား ထိခိုက်မှု သို့မဟုတ် အဆင်မပြေမှုများ မဖြစ်စေနိုင်သော နည်းလမ်းများကိုအသုံးပြုပြီး ဤခြေရာခံခြင်းကို ဆက်လက်လုပ်ဆောင်သွားပါမည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် မေးမြန်းပြောဆိုချိန်၌၊ ဤခြေရာခံခြင်းနှင့်ပတ်သက်၍၊ မိမိ၏ထင်မြင်ချက်များနှင့်၊ ခြေရာခံရာ၌ အထောက်အကူဖြစ်စေနိုင်မည့် အချက်အလက်များကို မိမိအား စုံစမ်းမေးမြန်းမည်ဖြစ်ပါသည်။

## မေးမြန်းပြောဆိုချိန်၌ မိမိ၌ မည်သို့သောတာဝန်ဝတ္တရားများရှိသနည်း။

- သင်သည်၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိပြီး၊ အမှန်အတိုင်းပြောရန်လည်း တာဝန်ရှိပါသည်။
- သင်သည် နိုင်ငံတကာအကာအကွယ်ပေးရန်အတွက် လျှောက်ထားရသည့် အကြောင်းရင်းများ အလုံးစုံကို ပြောပြပြီး ရှင်းပြချက်များထုပ်ပေးနိုင်ရန်လည်း မိမိ၌ တာဝန်ရှိပါသည်။ မေးခွန်းများကိုလည်း တတ်နိုင်သမျှ တိကျစွာဖြေဆိုပေးပါ။
    - အကယ်၍ ခိုင်လုံသောအကြောင်းပြချက်များမရှိဘဲ၊ မေးခွန်းများကို ဖြေဆိုရန် ငြင်းဆိုခဲ့ပါက၊ ဤအကြောင်းအရာများကြောင့် မေးမြန်းပြောဆိုချိန်၌ မိမိ၏၏

ခိုလှုံခွင့်အကြောင်းပြချက်များအကြောင်းစုံကို လုံလုံလောက်လောက်အချက်အလက်များ မပေးနိုင်ပါက၊ မိမိ၏လျှောက်လွှာကို သွယ်ဝိုက်သောနည်းဖြင့် ရုပ်သိမ်းသည်ဟု ယူဆနိုင်ပြီး၊ ဤကိစ္စရပ်ကို ရုတ်သိမ်းမည်ဖြစ်ပါသည်။

- အကယ်၍ သင်သည်အမှန်တရားအတိုင်းမပြောပါက၊ ၎င်းသည် မိမိ၏လျှောက်လွှာအပေါ် ငြင်းဆိုသည်အထိ၊ သက်ရောက်မှုများရှိလာနိုင်ပါသည်။ အမှန်အတိုင်းပြောပြပြီးသည်နှင့်အတူ မိမိ၏ လျှောက်လွှာအတွက် မရှိမဖြစ်လိုအပ်သော အလက်များကိုလည်း၊ မည်သည့်အချက်ကိုမဆို မပြောဘဲချန်ထားခြင်းများမပြုလုပ်ပါနှင့်။
- ကျေးဇူးပြု၍ သတိပြုပါ။ မှားယွင်းသော အချက်အလက်များကို ပေးပို့ခြင်း သို့မဟုတ် မှန်ကန်သော အချက်အလက်များကို ဖုံးကွယ်ထားခြင်းသည်လည်း၊ နောက်ပိုင်းတွင် ခွင့်ပြုထားပြီးပြီဖြစ်စေသာခွင့်ပြုထားချက်များအား ရုပ်သိမ်းနိုင်ပြီး၊ နှင့် မိမိ၏ အခြား သောကိစ္စရပ်များကို ဖြေ ရှင်းစီမံဆောင်ရွက်ရန်အတွက်လည်း ပိုမို၍ခက်ခဲမှုများကြုံတွေ့လာနိုင်စေပါသည်။
- မေးမြန်းပြောဆိုသူသည်၊ ဤကိစ္စရပ်များကိုဖြေဆိုပေးနိုင်ရန်အတွက် မေးခွန်းများမေးပေးခြင်းအားဖြင့်၊ မိမိအတွက် ကူညီခြင်းများ နှင့် လမ်းညွှန်မှုများပြုလုပ်ပြီးဖြေရှင်းမှုများပြုလုပ် သွားပါမည်။ မိမိကိုယ်ကျိုးအတွက်သာ၊ ခက်ခဲမည်ဟုထင်သောကိစ္စရပ်များကိုလည်း ဖွင့်ပြောသင့်ပါသည်၊ ၎င်းတို့သည် မိမိ၏ လျှောက်လွှာအတွက် အဆုံးအဖြတ်ပေးသောအခါ၌ အရေးပါမှု တစ်ခုလည်းဖြစ်လာနိုင်ပါသည်။
    - အကယ်၍ မိမိသည်အချို့သောအကြောင်းအရာများကို ပြောဆိုရာ၌ ခက်ခဲမှုများနှင့် ကြုံတွေ့ရပါက မေးမြန်းပြောဆိုသောသူအား ရှင်းပြ၍ရပါသည်။ မေးမြန်းပြောဆိုသောအခါတွင် မိမိပေးအပ်ထားသော အချက်အလက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချမည်ဖြစ်သောကြောင့်၊ မိမိ၏ လျှောက်လွှာနှင့်ပတ်သက်သည့် အရာများအလုံးစုံတို့ကို ကျွန်ုပ်တို့အား ပြောပြပေးရန် အလွန်အရေးကြီးပါသည်။
- အကယ်၍ မေးမြန်းပြောဆိုသူသည် မိမိ၏ပြောပြသောအရာများတွင် မရေရာမှုများ သို့မဟုတ် ဆန့်ကျင်ဘက်များရှိနေသည်ကို သတိပြုမိပါက၊ မိမိအတွက်၊ ကိစ္စရပ်များကို ရှင်းလင်းစေနိုင်ရန် ဖြေရှင်းခွင့်ကို ပေးပါလိမ့်မည်။
- မေးမြန်းပြောဆိုချိန်၌ မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို စစ်ဆေးမည်ဖြစ်ပါသည်။ ကိုယ်ရေးကိုယ်တာအချက်အလက်များသည် အဓိကအားဖြင့် စာရွက်စာတမ်းများအပေါ်

အခြေခံထားပါသည်။ အကယ်၍ မေးမြန်းပြောဆိုခြင်းပြုလုပ်ပြီးနောက် မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ပြောင်းလဲရန် လိုအပ်ပါက၊ နိုင်ငံကူးလက်မှတ် သို့မဟုတ် အခြားသောတရားဝင် မှတ်ပုံတင်စာရွက်စာတမ်းကပ်ပြားများ လိုအပ်မည်ဖြစ်ပါသည်။

- လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ နှင့် မိမိ၏ အခြေခံတင်ပြထားသောလျှောက်လွှာကို၊ နိုင်ငံခြားသားများ၏ ကိစ္စရပ်များစစ်ဆေးသောစနစ်တွင် သိမ်းဆည်းထားမည်ဖြစ်ပါသည်။ ၎င်းသည်၊ တရားဝင်မှတ်ပုံတင်ရုံးစနစ်တစ်ခုဖြစ်ပါသည်။
- မှားယွင်းသော ကိုယ်ရေးကိုယ်တာ အချက်အလက်များ အား အာဏာပိုင်တစ်ဦးတေယာက်ထံသို့ နှင့် မှားယွင်းသော အချက်အလက်များ တင်ပို့ပေးခြင်း သို့မဟုတ် အာဏာပိုင်များ၏မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရန်အတွက် မှားယွင်းသော အချက်အလက်များ ပေးအပ်ခြင်းသည်၊ ပြစ်ဒဏ်ချမှတ်နိုင်သော ရာဇဝတ်မှုတစ်ခုဖြစ်ပါသည်။ ဖင်လန်နိုင်ငံတွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုသည် အသက် ၁၅ နှစ်ကျော်သူများအတွက် အကျုံးဝင်ပါသည်။

## စစ်ဆေးမေးမြန်းခြင်းအတွက် မည်ကဲ့သို့ပြင်ဆင်ထားရမည်နည်း။

- မေးမြန်းပြောဆိုချိန်အတွင်း၊ မိမိသည် နိုင်ငံတကာအကာအကွယ်ရန်အတွက် လျှောက်ထားရမည့် အကြောင်းရင်းများကို မိမိကိုယ်ပိုင်စကားလုံးများဖြင့် ရှင်းပြပေးရပါမည်။ အရေးကြီးသောရက်စွဲများနှင့် အမည်များကိုမှတ်စု ရေးမှတ်ထားခြင်းအားဖြင့်၊ မေးမြန်းပြောဆိုရန်အတွက် အဆင်သင့်ပြင်ဆင်၍ရပါသည်။ ဤကဲ့သို့ ကြိုတင်ပြင်ဆင်ထားပါက မေးမြန်းပြောဆိုချိန်၌ မိမိအတွေ့အကြုံများအကြောင်း ပြောဆိုရန် ပိုမို၍လွယ်ကူနိုင်မည်ဖြစ်ပါသည်။
- လူဝင်မှုကြီးကြပ်ရေးဌာနသို့ မတင်ပြရသေးသော မိမိ၏ကိစ္စရပ်များအတွက် အရေးကြီးသော စာရွက်စာတမ်းများကို မေးမြန်းပြောဆိုခန်းသို့ ယူဆောင်လာနိုင်ပါသည်။ ဤစာရွက်စာတမ်းများသည် မိမိ၏ ခိုလှုံခွင့်အကြောင်းပြချက်များနှင့် မည်သို့သက်ဆိုင်နေသည်ကိုလည်း၊ အကျဉ်းချုပ်ရှင်းပြနိုင်ရန် အဆင်သင့်ပြင်ဆင်ထားပါ။ စာရွက်စာတမ်းများတွင် ဥပမာအားဖြင့်၊ မှတ်ပုံတင်စာရွက်စာတမ်းများ၊ အခြားသောတရားဝင်စာရွက်စာတမ်းများ၊ ဆေးလက်မှတ်များအပြင် မိမိ၏ရာဇဝင်အဖြစ်အပျက်များနှင့် သက်ဆိုင်နေသည့် သတင်းစာဆောင်းပါးများနှင့် စာစောင်များ လိုအပ်နိုင်ပါသည်။ ဤစာရွက်စာတမ်းများသည်လည်း နိုင်ငံတကာအကာအကွယ်ပေးရန်အတွက် မိမိ၏လျှောက်လွှာကိုခန့်မှန်းရာ၌ လူတစ်ဦးချင်းအတွက်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊

အကြောင်းပြချက်ကဲ့သို့သော၊ အခြားသောအကြောင်းပြချက်များနှင့် နေထိုင်ခွင့်အတွက် အကြောင်းပြချက်များရ နိုင်မရနိုင်ခြင်း ကို အကဲဖြတ်ဆုံးဖြတ်မည်ဖြစ်သောကြောင့်၊ ဤအရာသည်လည်း အလွန်အရေးကြီးပါသည်။

- မေးမြန်းပြောဆိုခြင်းမစမီ အတောအတွင်း၊ အာဏာပိုင်များဆီမှ ရရှိထားသော ညွှန်ကြားချက်များ နှင့် လက်ကမ်းစာစောင်များအားလုံးကို အဆင်သင့် ဖတ်ရှုထားပါ။
- မေးမြန်းပြောဆိုချိန်သို့ အချိန်မီရောက်ရှိရန် အဆင်သင့်လုပ်ထားပါ။ ဧည့်ကြိုစင်တာမှ ညွှန်ကြားချက်များ ရရှိပါလိမ့်မည်။ မည်ကဲ့သို့အရောက် သွားရမည်နည်း၊ အကယ်၍ မိမိသည် အုပ်ထိန်သူမပါလာသော အသက်မပြည့်သေးသူ ကလေးတစ်ဦး ဖြစ်ပါက၊ ဧည့်ကြိုစင်တာမှ စစ်ဆေးမေးမြန်းသောနေရာသို့ ရောက်ရှိအောင် အဆင်သင့်လုပ်ပေးပါလိမ့်မည်။ အကယ်၍ မိမိ၌ ဖင်လန်တွင် အုပ်ထိန်းသူရှိပါက၊ မေးမြန်းပြောဆိုသောနေရာသို့ ရောက်ရှိအောင် အဆင်သင့်လုပေ်ပးရန် အတွက် အုပ်ထိန်းသူများ၌ တာဝန်ရှိပါသည်။
- မမေ့ပါနှင့်၊ မေးမြန်းပြောဆိုချိန်သည် နာရီပေါင်းများစွာ ကြာမြင့်နိုင်ပါသည်။ နေ့လယ်၌ အစာစားချိန် နှင့် လိုအပ်ပါက တခြားသော အားလပ်ချိန်များ ပေးပါမည်။ အနားယူချိန်လည်းတောင်းလို့ရပါသည်။ မုန့်များ၊ သရေစာများ ဒါမှမဟုတ် နေ့လယ်စာစားရန်အတွက် ပိုက်ဆံ နှင့် နေ့လယ်အတွက် လိုအပ်သော ဆေးဝါးများကိုလည်း ယူဆောင်လာပါ။
- ကလေးများသည်၊ မေးမြန်းပြောဆိုမည့်နေရာသို့ ဖိတ်ကြားထားခြင်းမရှိပါက၊ ခေါ်လာ၍မရပါ။ အကယ်၍ စစ်ဆေးမေးမြန်းချိန်အတွင်း၊ ကလေးအတွက် ပြုစုစောင့်ရှောက်ပေးရမည့်သူ လိုအပ်နေပါက ဧည့်ကြိုစင်တာသို့ အချိန်မီ အကြောင်းကြားပေးပါ။
- အကယ်၍ မေးမြန်းပြောဆိုခြင်းအတွက် အထူးလိုအပ်ချက်များရှိခဲ့သော်၊ ဥပမာ ကျန်းမာရေးကြောင့်ဖြစ်သော် ဧည့်ကြိုစင်တာကို ချက်ချင်းအကြောင်းကြားပါ။ ဥပမာ မသန်စွမ်းမှု ဒါမှမဟုတ် ကျန်းမာရေးပြဿနာကြောင့် စသည်ဖြင့် အကူအညီတောင်းယူနိုင်ပါသည်။ သင်သည် လူကုန်ကူးမှု၏ သားကောင်ဖြစ်ခဲ့သော်၊ အကယ်၍ မိမိသည်အုပ်ထိမ်းသူမပါသော အသက်မပြည့်သေးသူဖြစ်ပါက၊ သင့်ကိုယ်စားလှယ်ထံမှတဆင့် အကူအညီတောင်းနိုင်ပါသည်။ အကယ်၍ မိမိသည် ထိန်းသိမ်းရေးဌာန သို့မဟုတ် အခြား အဆောင်တစ်ခုခုတွင် ရှိနေပါက၊ သင့်တည်းခိုရာနေရာရှိ ဝန်ထမ်းအား ပြောပြပါ။ ဧည့်ကြိုဌာန၊ ကိုယ်စားလှယ် သို့မဟုတ် ထိန်းသိမ်းရေးဌာနမှ မေးမြန်းပြောဆိုခြင်းမပြုလုပ်မီ ဤကိစ္စနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးဌာနသို့ အဆက်အသွယ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။

- မေးမြန်းပြောဆိုခြင်းကို စီစဉ်ပေးမည်မဟုတ်ပါ။ အကယ်၍ လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိ၌ ထိန်းချုပ်ကျော်လွန်၍မရနိုင်သောရပ်တန့်မှု ဟူသောအကြောင်းပြချက်များကြောင့် စစ်ဆေးမေးမြန်းခြင်း၌ ပါဝင်နိုင်ခြင်းမရှိဟု ယူဆခဲ့ပါက၊ ဤကိစ္စအတွက်၊ လူဝင်မှုကြီးကြပ်ရေးဌာနသို့ အချက်အလက်များကို စာဖြင့်ရေးသားတင်ပြပေးနိုင်ပါသည်။

## စစ်ဆေးမေးမြန်းချိန်တွင် မည်သည့်အရာများဖြစ်လာနိုင်မည်နည်း။

- အစပိုင်း၌ မေးမြန်းပြောဆိုသူသည် မေးမြန်းပြောဆိုချိန်တွင် မည်သည့်အရာများဖြစ်မည်ကို ရှင်းပြမည်ဖြစ်ပြီး၊ မိမိ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို မိမိသည်၊ အမှန်တကယ်နားလည်ကြောင်း သေချာအောင်အဆင်သင့်ပြင်ဆင်သွားမည်ဖြစ်သည်။ တစ်ခုခုကို မိမိသည် နားမလည်ပါက၊ မေးမြန်းနိုင်ပါသည်။
- မေးမြန်းပြောဆိုသူသည် မိမိနှင့် စကားပြန်သည် တစ်ယောက်နဲ့တစ်ယောက် နားလည်ကြပါသလား ဟူ၍လည်း မေးမည်ဖြစ်သည်။ မိမိသည် စကားပြန်ကို နားမလည်ပါက ပြောပြပါ။
- မေးမြန်းပြောဆိုသူသည် မိမိ၏ကျန်းမာရေးအခြေအနေအပြောင်းလဲမှုများရှိမရှိကိုလည်း မေးမြန်းမည်ဖြစ်ပြီး၊ ထို့နောက် မိမိ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ပြန်လည်သုံးသပ်မည်ဖြစ်သည် နှင့် မိမိနှင့် ပတ်သက်နေသော နောက်ခံအချက်အလက်များကိုလည်း မေးမြန်းနိုင်ပါသည်။
- မေးမြန်းပြောဆိုသူ၏ ညွှန်ကြားချက်များကို ဂရုတစိုက်နားထောင်ပါ။
- ထို့နောက်၊ မိမိသည် မိမိ၏ အမိနိုင်ငံမှ အဘယ်ကြောင့် ထွက်ခွာခဲ့ရပြီး၊ အဘယ်ကြောင့် ထိုနေရာသို့ ပြန်လည်သွားရောက်ရန် မဖြစ်နိုင်ကြောင်းကို ကျွန်ုပ်တို့ မေးမြန်းပါမည်။ စစ်ဆေးမေးမြန်းသူသည် မိမိအား နိုင်ငံတကာအကာအကွယ်ပေးမှုကို အဘယ့်ကြောင့်ရှောက်ထားရခြင်း အကြောင်းရင်းများကိုလည်း လွတ်လပ်စွာ နှင့် အသေးစိတ်ပြောဆိုနိုင်ရန် အားပေးမည်ဖြစ်ပါသည်။ လိုအပ်သကဲ့သို့၊ မေးမြန်းပြောဆိုသူသည် မိမိ၏ လျှောက်လွှာနှင့် သက်ဆိုင်သည့် အရေးကြီးမည့်ကိစ္စရပ်များကို ဆွေးနွေးနိုင်ရန်၊ မိမိအတွက် လမ်းညွှန်ပေးပါလိမ့်မည်။



- မိမိသည် မိမိ၏ လျှောက်လွှာနှင့် ပတ်သက်နေသောအကြောင်းပြချက်များကို ရှင်းပြပြီးနောက်၊ မေးမြန်းပြောဆိုသူသည် အရေးကြီးသောအချက်အလက်များကို၊ ပိုမို ရှင်းလင်းစေရန် နောက်ထပ်မေးခွန်းများ မေးမြန်းမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုသူသည် မိမိ၏ နေရပ် သို့မဟုတ် အခြားသော အကြောင်းအရာများ၊ မိမိ၏ကိစ္စရပ်များအတွက် စီမံဆောင်ရွက်ရာတွင် သက်ဆိုင်နေသည့် အကြောင်းအရာများကို ပိုမိုတိကျစွာ ဆက်လက် မေးမြန်းနိုင်ပါသည်။
- အကယ်၍၊ မိမိသည်မေးခွန်းတစ်ခုခုကို နားမလည်ပါက၊ မေးမြန်းပြောဆိုသူအား ပြောပြပါ။ မေးမြန်းပြောဆိုသူသည် မိမိအတွက်၊ ရှင်းလင်းသည့်မေးခွန်းကို တစ်ဖန်ပြန်လည်ရှင်းပြပေးပါလိမ့်မည်။
- မေးမြန်းပြောဆိုမည့်အချိန်သည် ကွာဟတ်မှုများရှိနိုင်ပါသည်။ မေးမြန်းပြောဆိုချိန်အတွင်း မည်သည့်အချိန်တွင်မဆို၊ အနားယူချိန် တောင်းဆိုနိုင်ပါသည်။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် စစ်ဆေးမေးမြန်းချိန်တွင်၊ မိမိ၏ ကိစ္စအတွက်၊ ဖြေရှင်းချက်များရရှိစေနိုင်မည့် အချက်အလက်များနှင့် ပတ်သက်ေနေသာ၊ အေကြာင်းအရာများကို မိမိအား မေးမြန်းနိုင်ပါသည်။ ဥပမာအားဖြင့်၊ အကယ်၍ မိမိသည် ဖင်လန်နိုင်ငံတွင် ရာဇဝတ်မှုတစ်ခုဖြင့် သံသယရှိသူဖြစ်ပါက သို့မဟုတ် ဖင်လန်နိုင်ငံတွင် ရာဇဝတ်မှုတစ်ခုခုကြောင့်၊ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရပါက၊ ၎င်းသည် လူဝင်မှုကြီးကြပ်ရေးဌာန၏ ကိစ္စရပ်များကို စီမံဆောင်ရွက်ရာ၌၊ သက်ေရာက်မှုများရှိစေနိုင်ပါသည်။ လိုအပ်ပါက၊ လူဝင်မှုကြီးကြပ်ရေးဌာနသည် မေးမြန်းပြောဆိုချိန်အတွင်း ဤကိစ္စရပ်နှင့်ပတ်သက်၍ မိမိ၏ အမြင်ကို ဖော်ပြနိုင်ရန် အခွင့်ပေးပါမည်။
- မေးမြန်းပြောဆိုသောအခါ၌ တစ်ကြိမ်တည်းမှာပင်လျှင်၊ မှတ်တမ်းစာစောင်တစ်ခုအဖြစ် ရေးသားထားပါမည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ လိုအပ်သည်ဟုယူဆပါက မေးမြန်းပြောဆိုသူသည် ဤမှတ်တမ်းစာစောင်ကို မိမိနှင့်အတူ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံ ပြန်လည်သုံးသပ်စစ်ဆေးသွားမည်ဖြစ်ပါသည်။ မေးမြန်းပြောဆိုချိန်ကာလအတွင်း မေးမြန်းပြောဆိုသူသည် ဤမှတ်တမ်းစာစောင်ကို မိမိနှင့်အတူ အလုံးစုံ ပြန်လည်သုံးသပ်သွားခြင်း မပြုလုပ်ပါက၊ ဤမှတ်တမ်းစာစောင်ကို ထပ်လောင်းပြင်ဆင်ချက်များနှင့် ပြင်ဆင်ချက်များကို တင်သွင်းနိုင်ရန် အတွက် နောက်ဆုံးရက်ကို မိမိအား ပေးအပ်မည်ဖြစ်သည်။ မှတ်တမ်းစာစောင်များ၏မိတ္တူတစ်စောင်ကိုလည်း မိမိကိုယ်တိုင် လက်ခံရရှိမည်ဖြစ်သည်။

- မေးမြန်းပြောဆိုခြင်းအဆုံးတွင်၊ လင့်ခ်များပါသည့် ညွှန်ကြားချက်များကို သင်သည် ရရှိမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသို့ အစီရင်ခံစာများ မည်သို့တင်သွင်းရမည် နှင့် မိမိ၏ နေရပ်နိုင်ငံသို့ ဆန္ဒအလျောက် မည်သို့ပြန်၍ရမည်၊ ၎င်းအပါအဝင် နောက်ထပ်အခြားသောအချက်အလက်များအတွက် ဤ QR ကုဒ်များမှတစ်ဆင့်၊ ဤလင့်ခ်များဆီသို့ မိမိကိုယ်တိုင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**migri.fi/turvapaikkahakemuksen-kasittely** **voluntaryreturn.fi/etusivu**

- မေးမြန်းပြောဆိုချိန်၌ မိမိသည်မိမိ၏လျှောက်လွှာ ၏ အခြေခံအရာများအလုံးစုံ ပြောပြရန် အလွန်အရေးကြီးပါသည်။ အကယ်၍၊ နောက်ပိုင်းတွင် ခိုလှုံခွင့်အတွက် အကြောင်းပြချက်အသစ်များ ထွက်ပေါ်လာပါက လူဝင်မှုကြီးကြပ်ရေးဌာန သို့မဟုတ် အယူခံဝင်သည့်တရားရုံးသို့ ၎င်းအရာများအား အကြောင်းပြချက်များကို ချက်ချင်းတင်ပြပေးပါ။

## စစ်ဆေးမေးမြန်းပြီးနောက် မည်သည့်အရာများဖြစ်လာနိုင်မည်နည်း

- မေးမြန်းပြောဆိုခြင်းကို သတ်မှတ်ထားသောအချိန်အတွင်း ပြီးမြောက်အောင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ အကယ်၍ မေးမြန်းပြောဆိုခြင်းသည် ပြီးမြောက်ခြင်းမရှိပါက၊ ဤမေးမြန်းပြောဆိုခြင်းကို အခြားသောနေ့တွင်၊ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ ထိုအခါ၌ စစ်ဆေးမေးမြန်းချိန်အတွက် ဖိတ်ခေါ်စာအသစ်ကို၊ မိမိသည်လက်ခံရရှိမည်ဖြစ်သည်။

- မိမိလျှောက်လွှာနှင့်ပတ်သက်နေသည့် သက်ဆိုင်နေသည့် ထပ်မန်ပူးတွဲ ဖြေရှင်း တင်ပို့ပေးရမည့်အချက်အလက်များကျန်ရှိနေပါက၊ ဆုံးဖြတ်ချက်မချမချင်း ဆက်လက်တင်ပို့ပေးနိုင်ပါသည်။ နောက်ဆုံးရက်နောက်ပိုင်းတွင် တင်သွင်းသော နောက်ထပ်အချက်အလက်များကို ဆုံးဖြတ်ချက်တွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။ နောက်ထပ်ပို့ပေးသောဖြေရှင်းချက်များကို စာဖြင့်ရေးသားတင်ပို့ပေးပါ။

- လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိ၏ လျှောက်လွှာကို စီမံဆောင်ရွက်ပေးနေပြီး၊ လူသားတစ်ဦးတစ်ယောက်အတွက်စာနာထောက်ထားမှုဆိုင်ရာ၊ အကြောင်းပြချက်များကြောင့် သို့မဟုတ် လူကုန်ကူးမှု၏ သားကောင်ဖြစ်လာခြင်းကြောင့် ဤကဲ့သို့သော

အခြားအကြောင်းပြချက်များဖြင့်လည်း နိုင်ငံတကာအကာအကွယ်ပေးရန် သို့မဟုတ် နေထိုင်ခွင့်လက်မှတ် ရနိုင်၊မရနိုင် တို့ကိုလည်း ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။

- လူဝင်မှုကြီးကြပ်ရေးဌာနသည် မေးမြန်းပြောဆိုခြင်းတွင် မိမိပေးအပ်သော အချက်အလက်များ၊ အခြားတင်ပြထားသော အထောက်အထားများ နှင့် နိုင်ငံနှင့်ဆိုင်ရာ အချက်အလက်များအပေါ် အခြေခံ၍၊ မိမိ၏ ကိစ္စကို ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် ဆုံးဖြတ်ချက်နှင့် သက်ဆိုင်နေသည့်၊ အများပြည်သူဆိုင်ရာ အရင်းအမြစ် အချက်အလက်များကိုလည်း ရှာဖွေကောင်းရှာဖွေနိုင်ပါသည်။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိ၏စာရွက်စာတမ်းများ၏ စစ်မှန်မှုရှိမရှိ နှင့်ပတ်သက်သည့် မိမိ၏ အမိနိုင်ငံမှ အချက်အလက်များကို ရယူနိုင်ခွင့်ရှိပါသည်။ အာဏာပိုင်များထံမှ ဤအကြောင်းအရာနှင့်ပတ်သက်၍ မသိရှိနိုင်အောင် စုံစမ်းစစ်ဆေးမည်ဖြစ်ပါသဖြင့်၊ မိမိအတွက် သို့မဟုတ် မိမိနှင့်နီးစပ်သူများအတွက် မည်သည့်အန္တရာယ်မျှ ဖြစ်နိုင်မည်မဟုတ်ပါ။
- အကယ်၍ မိမိ၏လျှောက်လွှာသည်၊ ငြင်းပယ်ခြင်းကိုခံခဲ့ရပါက၊ သင့်အား ပြန်လွှတ်နိုင်ပြီး ဖင်လန် နှင့် အခြားသော ရှန်ဂန် နိုင်ငံများသို့ ပြည်ဝင်ခွင့် ပိတ်ပင်ခံရနိုင်ပါသည်။
- မိမိသည် မိမိ၏ နေရပ်နိုင်ငံသို့ မိမိဆန္ဒအလျောက် ကူညီပံ့ပိုးပေးထားသော အကူအညီဖြင့်ထွက်ခွာသွားလိုပါက၊ ခိုလှုံခွင့်လုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်ပင်မဆို၊ ၎င်းအရာကို တောင်းဆိုခွင့်ရှိပါသည်။ အကယ်၍ မိမိ၏ လျှောက်လွှာသည် ငြင်းပယ်ခြင်းကိုခံရပါက၊ သို့မဟုတ် နိုင်ငံတကာအကာအကွယ်ပေးမှုအတွက် မိမိ၏လျှောက်လွှာကို ရုပ်သိမ်းခဲ့သော်၊ မိမိဆန္ဒအလျောက်ပြန်ရန်အတွက် အထောက်အပံ့ကို လျှောက်ထားပိုင်ခွင့်ရှိပါသည်။ အထောက်အပံ့ကိုပေးရန်အတွက် အချို့သောအရာများပါဝင်ပြီး ဤအထောက်အပံ့အတွက် လျှောက်ထားသည့်အခါ ၎င်းအရာများကို စစ်ဆေးမည်ဖြစ်ပါသည်။ မိမိ၏ ဧည့်ကြိုဌာနစင်တာတွင် အကြံအဉာဏ်တောင်းယူပါ၊ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာန၏ ပြန်လည်ထွက်ခွာရေး၊ အကြံဉာဏ်ပေးရေးအတွက် ၎င်း၏ ဝဘ်ဆိုက်တွင် နောက်ထပ်အချက်အလက်များနှင့်အတူ ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များကို ဖတ်ရှုနိုင်ပါသည်။

**migri.fi/paluu** သို့မဟုတ် **voluntaryreturn.fi/etusivu**

- အကယ်၍၊ ဤဆုံးဖြတ်ချက်ကို အယူခံဝင်ရန်လိုအပ်ပါက အယူခံဝင်ရန် ညွှန်ကြားချက်များကို ဤဆုံးဖြတ်ချက်နှင့်အတူ ပူးတွဲတင်ပြထားပါသည်။
- အကယ်၍၊ မိမိသည် နိုင်ငံတကာအကာအကွယ်ပေးမှုအတွက် မိမိ၏အိမ်ထောင်ဖက်၊ အသက်မပြည့်သေးသော ကလေးများ သို့မဟုတ် မှီခိုသူလူကြီးများနှင့်အတူ လျှောက်ထားပါက၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ မိမိ၏ကိစ္စရပ်အတွက် သီးခြားဆုံးဖြတ်ချက်ချမှတ်ရန် အကျိုးအကြောင်းဆီလျော်မှုရှိသည်ဟု ယူဆခြင်းမရှိပါက၊ ပူးတွဲဆုံးဖြတ်ချက်ကို များသောအားဖြင့် ချမှတ်မည်ဖြစ်သည်။ မေးမြန်းပြောဆိုသူသည် မေးမြန်းပြောဆိုချိန်၌ ဤ သီးခြားဆုံးဖြတ်ချက်ချရန် လိုအပ်ကြောင်း အကြောင်းပြချက်များ ရှိမရှိ ကိုလည်းမေးမြန်းမည်ဖြစ်ပါသည်။
- အကယ်၍၊ နောက်ပိုင်းတွင် ခိုလှုံခွင့်အတွက် အကြောင်းပြချက်အသစ်များ ထွက်ပေါ်လာပါက လူဝင်မှုကြီးကြပ်ရေးဌာန သို့မဟုတ် အယူခံဝင်သည့်တရားရုံးသို့ ၎င်းအရာများအကြောင်းပြချက်များအား ချက်ချင်း တင်ပြပေးပါ။ အကယ်၍ မိမိသည် အချက်အလက်အသစ်များ သို့မဟုတ် အကြောင်းပြချက်အသစ်များကို အမြန်ဆုံး မတင်ပြနိုင်ပါက၊ ၎င်းတို့အပေါ် အခြေခံ၍ နောက်ဆက်တွဲလျှောက်လွှာတစ်ဖန် တင်ပါက၊ ၎င်းတို့အတွက် ထပ်မံ၍စစ်ဆေးပေးတော့မည်မဟုတ်ပါ။